UNHCR
The UN Refugee Agency

ရခိုင်ပြည်နယ်/ မြန်မာနိုင်ငံ

ရခိုင်တပ်မတော်-မြန်မာ့တပ်မတော် တိုက်ပွဲများနှင့်ဆက်နွယ်သည့် နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများကို တုံ့ပြန်ကူညီခြင်း

(၂၀၂၁) ခုနှစ်၊ ဇန်နဝါရီလမှ သြဂုတ်လထိ

ရခိုင်တပ်မတော်နှင့် မြန်မာ့တပ်မတော် တို့ ကြား တိုက်ပွဲများကြောင့် (၂၀၂၁) ခုနှစ်၊ ဇူလိုင်လ (၃၁) နေ့အထိ ရခိုင်ပြည်နယ်ရှိ မြို့နယ် (၁၀) မြို့နယ်တွင် လူဦးရေ (၈၀၀၀၀) ကျော်သည် နေရပ်စွန့်ခွာနေရဆဲဖြစ်သည်။ UNHCR သည် အခြားသော UN အဖွဲ့အစည်းများ၊ မိတ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းလက်တွဲလျက် အဆိုပါ လူသားချင်းစာနာမှု လိုအပ်ချက်များကို တုန့်ပြန်ကူညီခဲ့ပြီး ထိခိုက်ခံစားခဲ့ရသူလူထုအား ၎င်း၏အထောက်အပံ့များကို ပံ့ပိုးထောက် ပံ့ခဲ့သည်။(၂၀၂၁) ခုနှစ်တွင် UNHCR သည် အိမ်ထောင်စု (၁၀၆၈၀) စုမှ ထိခိုက်ခံစားရသူ လူဦးရေ (၄၆၄၃၂) ဦးခန့်ကို အစားအစာမဟုတ်သည့် အိမ်သုံးပစ္စည်း NFI နှင့် အရေးပေါ် ယာယီအမိုးအကာ အထောက်အပံ့တို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။ လွန်ခဲ့သည့် သြဂုတ်လအတွင်း ကျောက်တော်၊ မြောက်ဦးမြို့နယ်များမှ လူဦးရေ (၂၀၅၅၀) ခန့်သည် အစားအစာမဟုတ်သည့် အိမ်သုံးပစ္စည်း NFI နှင့် အရေးပေါ် ယာယီအမိုးအကာ အထောက်အပံ့တို့ကို လက်ခံရရှိခဲ့ကြသည်။ လွန်ခဲ့သည့် သြဂုတ်လအတွင်းတွင်ပင် ပေးပို့ထောက်ပံ့ထားသည့် ပစ္စည်းများ အသုံးဝင်မှုကို (၁၇၁) ကြိမ်ခန့် အလျှင်းသင့်သလို ကွင်းဆင်းဆန်းစစ် ကြည့်ရှုနိုင်ခဲ့သည်။

လတ်တလောဖြစ်ပေါ်နေသော COVID-19 အခြေအနေနှင့်စပ်လျဉ်းပြီး တစ်ကိုယ်ရေကာကွယ်ရေးအသုံးအဆောင်ပစ္စည်း PPE များ ဖြန့်ဝေခြင်းများ၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေး ကဏ္ဍ၌ အားထုတ်ဆောင်ရွက်မှုများမှတဆင့် ကူညီထောက်ပံ့ရေး သီးခြားအစီအစဉ်များ ဆောင်ရွက်ထားပြီးဖြစ်သည်။ UNHCR နှင့် ယင်း၏မိတ်ဘက်အဖွဲ့အစည်းများအတွက် တစ်ချို့သော စခန်းများ၊ အထူးသဖြင့် ဝေးလံကျေးလက်ဒေသမှ စခန်းများကို လက်လှမ်းမီနိုင်မှုမှာ အကန့်အသတ်ရှိနေဆဲဖြစ်ပြီး COVID-19 ဖြစ်ပွားနေသည့်အခြေအနေကြောင့်လည်း ပိုမိုခက်ခဲနေသည်။

ထောက်ပံ့ခဲ့သည့် လူဦးရေ

46,432 ဦး

10,680 အိမ်ထောင်စု

ထောက်ပံ့ခဲ့သည့် နေရပ်စွန့် ခွာ စခန်းပေါင်း

91 ရခိုင်ပြည်နယ်ထဲရှိ နေရပ်စွန့်ခွာ စခန်း များ

(အမ်း၊ကျောက်တော်၊ မင်းပြား၊ မြောက်ဦး၊ မြေပုံ၊ ပေါက်တော၊ စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ဘူးသီးတောင် နှင့် ရသေ့တောင် မြို့နယ်များ)



တစ်လချင်း ထောက်ပံ့နိုင်ခဲ့သည့် ဦးရေနှင့် အထောက်အပံ့ရရှိသူ လူအုပ်စု



NFI အထောက်အပံ့ အဖြစ် 46,432 ဦးကို ထောက်ပံ့ခဲ့

- **109** ကလေးသုံးပစ္စည်း
- **305** CP ပစ္စည်းထုပ်
- **1,704** တစ်ကိုယ်ရေ သုံးပစ္စည်း
- **20,981** မျက်နှာ၊ နှာခေါင်းစည်း
- **2,958** ဆိုလာမီးအိမ်
- **20,314** ခြုံစောင်
- **9,635** အဝတ်အစားထုပ်
- **7,173** သောက်ရေဗူး
- **18,168** ခြင်ထောင်
- **30,426** ဆပ်ပြာခဲ
- **7,126** ရေပုံး
- **1,677** အမျိုးသမီး သုံးပစ္စည်း
- **4,563** အိုးခွက် ပန်းကန်ထုပ်
- **27,068** အခင်းဖျာ
- **110** ထီး

ယာယီအမိုးအကာ အထောက်အပံ့အဖြစ် 13,971 ဦးကို ထောက်ပံ့ခဲ့

- **49,87** မိုးကာ(တာလပတ်စ)
- **8,514** သစ်၊ မျောတိုင်
- **150,29** နိုင်လွန်ကြိုး
- **59,350** ဝါး

ဤဖော်ပြပါ မြေပုံတွင် အသုံးပြုထားသော နယ်နိမိတ်အကျယ်အဝန်းများ၊အမည်များနှင့် သတ်မှတ်ချက်များသည် ကုလသမဂ္ဂမှ တရားဝင် အတည်ပြုထားခြင်း သို့မဟုတ် လက်ခံထားခြင်းဖြစ်သည်ဟု ဆိုလိုခြင်းမဟုတ်ပါ။

UNHCR မြန်မာနှင့် နိုင်ငံတကာ ထောက်ပံ့ကူညီမှုများတွင် တစ်ချို့သော သတ်မှတ်ချက်များဖြင့် ပံ့ပိုးလူဒါန်းသူများ၊ သတ်မှတ်ချက်မဲ့ပံ့ပိုးလူဒါန်းသူများ အားလုံးကို UNHCR မှ များစွာ ကျေးဇူးတင်ရှိပါသည်။

သြစတြေးလျ၊ ဘယ်လဂျီယံ၊ ကနေဒါ၊ ဒိန်းမတ်၊ ဥရောပ သမဂ္ဂ၊ ပြင်သစ်၊ ဂျာမနီ၊ အိုင်ယာလန်၊ အီတလီ၊ နယ်သာလန်၊ နော်ဝေ၊ ကိုးရီးယား သမ္မတနိုင်ငံ၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ အမေရိကန် တို့နှင့်တကွ

သြစတြေးလျ၊ အီတလီ၊ ဂျပန်၊ ကိုးရီးယား သမ္မတနိုင်ငံ၊ စပိန်နှင့် ဆွီဒင်တို့ရှိ သီးခြား အလှူရှင်များ။

မိတ်ဘက် အဖွဲ့များ
nRS: (ပူးပေါင်းအဖွဲ့) MI, UNICEF, UNFPA
cRS: IRC, IOM, LWF, PIN, RI